# ၁၃၁၅ ခုနှစ်၊ ပါဠိဘက္ကသိုလ်နှင့် ဓမ္မာစရိယ (တတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၃၁၅ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် " အဆိုပါအက်ဥပဒေ " ဟု ရည်ညွှန်းသည့် ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ ပုဒ်မ ၆ တွင်၊ ပုဒ်မခွဲ (၂) အစား၊ အောက်ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းရမည်။

"(၂) ပါဠိတက္ကသိုလ် စာ သင် သား မ ဟုတ် သည့် ပုဂ္ဂိုလ် သည်၊ ပါဠိတက္ကသိုလ်စာချဓမ္မာစရိယတပါးထံတွင်ဖြစ်စေ၊ အခြားစာချဓမ္မာစရိယတပါးထံတွင်ဖြစ်စေ ပညာသင်ကြား၍၊ယင်းသို့ပညာသင်ကြားကြောင်းသက်သေခံလက်မှတ်ကို၊ ဆိုင်ရာစာချဓမ္မာစရိယထံမှသော်၎င်း၊ ကျောင်းထိုင်ဆရာတော်ထံမှသော်၎င်း ရရှိလျှင်၊ပါဠိတက္ကသိုလ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်သည်။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါပြဋ္ဌာန်းချက်များကိုထည့်သွင်းရမည်။

"(၁) နိုင်ငံတော် သမတ သည်၊မိမိသင့်တော်သည်ထင်မြင်သည့်ဥပသကာတဦးအား၊ ဗဟိုအဖွဲ့၏သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ ဗဟိုအဖွဲ့၏ တွဲဘက်အတွင်းရေးမှူးအဖြစ်ခန့်ရမည်။ တွဲဘက်အတွင်းရေးမှူးသည်၊ ရွေးချယ်ခံအဆင့်အတန်းဝင်အရာရှိဖြစ်ရမည့်ပြင်၊ ထိုသူ၏လစာစရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော် သမတ က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။"

ပ၊မ၊ဗ၊စ၊—အမှတ် ၂၂၊ တရားရေး၊၁၉-၁၁-၅၃—၂,၀၀၀...၂။
အဘိုး—၁၀ ပြား]